
# သူတောင်းစားဘဝမှ
# လူငယ်များ၏ လမ်းပြကြယ်အဖြစ်သို့

ချမ်းငြိမ်း (ဟံသာဝတီ)

မျက်ရည်မနိုင်ရင်
မဖတ်ပါနဲ့



တတိယအကြိမ်

အမှောင်ထုက အမှောင်ထဲမှာ ဘဝဖြည့်ဖို့အမှောင်က
ကြောက်စရာအကောင်းဆုံးနဲ့ ဒုက္ခအရောက်ဆုံး။
အဲဒီအမှောင်စီးလျှံထဲက ဖီးနစ်ငှက်လို ထပျံ့ရှန်းပြ
ဘဝတိုက်ပွဲဆင်နွှဲရင်း အနာဂတ်အလင်းကို ဖမ်းဆုပ်နိုင်ခဲ့သူ
လူတစ်ယောက်အကြောင်း . . .

## သူတောင်းစားဘဝမှ လူငယ်များ၏ လမ်းပြကြယ် အဖြစ်သို့
## ချမ်းငြိမ်း(ဟံသာဝတီ)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေမြို့ဝန်ဇီးကုန်း ကျောင်းတိုက်ကြီးမှ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ကုသလကို အမှူးထား၍ ဆရာတော်ဘဒ္ဒန္တ ဣန္ဒကနှင့် ဘဒ္ဒန္တ ဦးအာရောဂျ တို့၏ မမေ့အပ်သော ဂုဏ်ရည်တော်ကို ရှိခိုးရည်မျှော်အောက်မေ့လျက် ...

အနန္တကျေးဇူးရှင် မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးတော်ကို ရှိခိုးပူဇော်တသလျက် ...

ပရဟိတ ညီအစ်ကို မောင်နှမများနှင့် တပည့်မိတ်ဆွေများ အပါအဝင် ကူညီဖေးမမှုများအား အထူးကျေးဇူးတင်လျက် ...

ချမ်းငြိမ်း(ဟံသာဝတီ)

***

## လူထုအတွက်အလင်း
## မော်ရိယာမင်းထိုးသော စာစုများ

လောကလူ့ရွာတွင် နေထိုင်ကြသော လူသားများသည် "အတ္တနှင့်ပရ" ယှဉ်ပါက အတ္တကိုသာ ဦးစားပေးသော လူသာများသည်။ "ပရ"ကို ဦးစားပေး၍ ကိုယ်ကျိုးစွန့်ကာ လုပ်ကိုင်သူများ ရှိတော့ရှိသည် သို့သော်ရှားသည်ဟု ဆိုရမည်သာ ဖြစ်ပေသည်။ ထိုရှိတော့ရှိသည် ရှားသည်ဆိုသောသူနှင့် ကျွန်တော် ဘဝတစ်ကွေ့ဝယ် မထင်မှတ်ဘဲ ခလုတ်တိုက်မိခဲ့ကြသည်။

ကျွန်တော် လူထုပုံရိပ် ဂျာနယ်တွင် စာပြင်အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်စဉ် သူကလည်း ဘာသာပြန် အယ်ဒီတာ ဝင်ရောက်လုပ်ကိုင်ရာမှ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာ ခင်မင်ရင်းနှီး ခဲ့ကြသည်။

ထိုသို့ ရင်းနှီးခဲ့ရာမှ သူ့ဘဝအကြောင်းကို တစေ့တစောင်း သိရှိခွင့် ရရှိခဲ့သည်။ လူထုပုံရိပ် ဂျာနယ်တွင် ဘာသာပြန်အယ်ဒီတာ၊ သူရိယအလင်း ဂျာနယ်တွင် ဘာသာပြန် အကြီးတန်း သတင်းထောက်၊ Education Digest ဘာသာပြန်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေမြို့ဝန် ဇီးကုန်းကျောင်းတိုက်ကြီးတွင် ဖွင့်လှစ်ထားသော English စာတတ် လူငယ်များစွာကို မွေးထုတ်ပေးနေသော Informative and Dynamic Language Lab ပညာဒါန သင်တန်းကြီး တည်ထောင်သူ မရှိနွမ်းပါး လူနာများကို ကူညီပေးနေသည့် လူသားဆန်သော လူငယ်များ ပရဟိတကွန်ရက်ကို တည်ထောင်သူ ဖြစ်နေသည်။

သူ့ဘဝ ပထမအရွယ်က တော်တော်ကြမ်းတမ်းခဲ့သည်။ အဆင်မပြေသည့် မိသားစုမှ ပေါက်ဖွားလာသူ ဖြစ်သောကြောင့် စားဝတ်နေရေးက ကျပ်တည်းလှသည်။ မြောက်ဥက္ကလာပ၊ ဇမ္ဗူအေးကျောင်းတိုက်ရှိ သံဃာတော်များ၏ ဆွမ်းခွက်သပိတ်များ ဆေးကြောပေးကာ ဆွမ်းကျန်ဆွမ်းဟင်းများစား၍ ညီအစ်ကိုသုံးယောက် ကျောင်းတက်ခဲ့ရသည်ဟု ဆိုသည်။ ထိုသို့ ဆွမ်းကျန်ဆွမ်းဟင်းစား၍ ကျောင်းတက်ခဲ့ရသည်မှာ ကိုးတန်းအထိဖြစ်သည်။ ကိုးတန်း၊ ဆယ်တန်းအောင် ပထမနှစ်များတွင် သူသည် တော်တော်ဆိုးခဲ့သည်၊ ပေခဲ့သည်၊ တေခဲ့သည်၊ မိုက်ခဲ့သည်။ လွန်ခဲ့သော (၂၅)နှစ်ခန့်က မင်္ဂလာဒုံနှင့် မြောက်ဥက္ကလာပကို ပိုင်းခြားထားသော တံတားတစ်စင်းရှိသည်။ ဟိုဘက်ခြမ်းက မင်္ဂလာဒုံသည် ဘယ်ခြမ်းက မြောက်ဥက္ကလာပ။ မလုပခဲ့သော ဘဝဒဏ်ရာဒဏ်ချက်များ၊ မ

ချိုသော ကံကြမ္မာ၏ ရိုက်ခတ်မှုများက သူ၏နှလုံးသားကို အမှားများဆီသို့ တွန်းပို့ခဲ့သည်။ တံတားအစပ် မြောက်ဥက္ကလာ ဘက်ခြမ်း၌ သူနှင့် သူငယ်ချင်းများ မကောင်းမှုမှန်သမျှ လုပ်ရှားခဲ့ကြသည်။ တံတားအစပ်၌ အရက်ဝိုင်း ဖွဲ့သောက်သည်။ ဆေးခြောက်ရှူ၊ ဂီတာတီးသည်။ လူမိုက်ဂိုဏ်း များနှင့် ဓားဓားချင်း တုတ်တုတ်ချင်း စာရင်းရှင်းခဲ့ကြသည်။ တံတားအစပ် နှင့် မနီးမဝေး၌ ပြည့်တန်ဆာ အိမ်ငယ်များလည်း ရှိသည်။ အသွေးအသား၏ တောင်းဆိုရာနောက် ခြေခေါက်လဲကျ မှုန်ပျပျ မီးရောင် တန်းကြား ခရမ်းပြာလွှန် သံစဉ်တေး ရေးဖွဲ့ခဲ့သည်များလည်း ရှိခဲ့သည်။ အမှန်တရား၏ တံပိုးမှုတ်သံ မကြားရမချင်း အလင်းမဲ့နေသော သူနှင့်သူ၏ သူငယ်ချင်းများ တိုးဝင်လျှောက်လှမ်း ခဲ့သည်က အမှောင်တကာအမှောင်။ ပကတိ ပိန်းပိန်းပိတ်နေသော အမှောင်။ အမှောင်ထဲ တိုးဝင်ခဲ့သော သူ့ လုပ်ရပ် အထွေထွေကြောင့် မိသားစုနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ရွံကြောက်ကြီး သဖွယ် ဖြစ်ကာ သူ့ကို နှာခေါင်းရှုံ့ကြသည်။ သူ့အကြောင်း တံတွေးခွက် ပက်လက်မျောခဲ့သည်အထိ ပြောခဲ့ကြသည်။ မိသားစုတစ်စု လုံး သူ့ကြောင့် ခေါင်းမဖော်ဝံ့အောင် ဖြစ်ခဲ့ကြရသည်။

ပျက်အစဉ် ပြင်ခဏဆိုသည့် စကားရပ်အတိုင်း သူသည် သူ့လုပ်ရပ် အပြုအမူများကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ကျောင်းကိုမှန်မှန် ပြန် တက်သည်။ ကျူရှင်မနေနိုင်။ ကျူရှင်တက်သည့် သူငယ်ချင်းများကိုမေး။ Self Study ဖြင့် လေ့လာကျက်မှတ်၍ စာမေးပွဲကိုဖြေခဲ့ရာ အောင်မြင်ခဲ့ သည်။ တစ်ဖက်တစ်လမ်းမှ အင်္ဂလိပ်စာ လေ့လာရန် သင်တန်းတစ်ခုကို တက်ခဲ့ပြန်သည်။ သင်တန်းသွားရန် ကားခမရှိ၍ ကားခိုးစီးရာမှ စပယ်ယာ က သူ့ကိုမှတ်မိသည်အထိ ဖြစ်ခဲ့ရသည်။ ညနေစာ စားစရာမရှိ၍ သူငယ်ချင်းအိမ် လိုက်ကပ်စားခဲ့ရသည်။

ဖယောင်းတိုင်ဖိုး မရှိ၍ ဓာတ်တိုင်အောက်၌ နေ့စဉ်နီးပါး စာကျက်ခဲ့ရသည်။ သူက သူ့ဘဝပုံရိပ်ကောက်ကြောင်းနှင့် စပ်လျဉ်းသော သူလုပ်ကိုင်ဆောင်ရွက်နေသော ပရဟိတလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဆောင်းပါးများရေး၍ Online ပေါ်တင်သည်။ ထိုဆောင်းပါးများကို လူငယ်ထုကြိုက်နှစ်သက်သည်ဟု သူကဆိုသည်။ ယခု သူက ထိုဆောင်းပါးများစုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေရန် စီစဉ်ခဲ့သည်။ သူစီစဉ်သည့်အတိုင်းဆောင်ရွက်ပေးပါရန် ကျွန်တော့်ကို အကူအညီတောင်းသည်။ စာမူများဖတ်ကြည့်သည့်အခါ လူငယ်ထုအတွက် စိတ်ဓာတ်ခွန်အား ပေးထားသောဆောင်းပါးများ ဖြစ်နေသည်။ လူငယ်များ၏ စိတ်ဓာတ်အတွေးအမြင်များအမှားမြင် အမှန်ပြုပြင်စေလိုသော သူ့စေတနာများ စာထဲတွင် တွေ့ရှိရသည်။ ယနေ့လူငယ် နောင်တစ်ချိန် လူကြီးဖြစ်ကြမည့် သူများအတွက်သူ၏ကိုယ်တိုင်ရေး ကြေညာချက်စာတမ်း တစ်စောင်မှာ အမှောင်ခွင်းအလင်းဆောင်သည့် စာစုများဟု ထင်မြင်ယူဆမိသည်။ ၎င်းအပြင် သူရင်ဆိုင် ကြုံတွေ့ခဲ့ရသော ဘဝ၏ ခါးသီးစက်ဆုပ် ဖွယ်ရာများကို အန်တုရင်ဆိုင်၍ ကျော်ဖြတ်အနိုင်ယူခဲ့သော သာဓကများအား လူငယ်များအတုယူကာ အောင်မြင်မှုကို ဆုပ်ကိုင်နိုင်မည့်အရေး အားပေးထားသည့်စာစုများ ဖြစ်နေပြန်ပါသည်။

ထို့ကြောင့် စာအုပ်ခေါင်းစည်းမှာပင် သူ့ဘဝအရှုက် မငဲ့ကွက်ဘဲကွက်ကွက်ကွင်းကွင်းဖြင့် လူငယ်များကို ကိုယ်ချင်းစာထားခြင်းပင် ဖြစ်မည်ဟု ထင်မိပါသည်။

မည်သို့ပင် ဆိုစေကာမူ ဘဝကို ရင်ဆိုင်ကြရာ၌ လွယ်လွယ်နှင့် အရှုံးမပေးဘဲ ကြံ့ကြံ့ခံရင်ဆိုင်ကာ မိမိရည်မှန်းချက်ပန်းတိုင် ရောက်ရှိစေရန်ဆရာချမ်းငြိမ်း (ဟံသာဝတီ) ၏ စာစုများက လူငယ်ထုကို မီးမောင်းထိုး

ကြိုးစားကျော်ဖြတ်မည့်အရေး မော်ရီယာမင်း ထိုးပေးထားသော စာစုများ ဟုသာ အမှွမ်းတင်ချင် မိပါတော့သည်။

ဆရာချမ်းငြိမ်း (ဟံသာဝတီ) လူငယ်အကျိုးပြုစာများ ဆက်လက် ရေးသား နိုင်ပါစေ။

အေဖော်ခိုင်

***

## ဘဝနှင့်ရင်း၍ ရလာသော စာပေစေတနာ၊ စာပေရတနာ

"သုတ ရသစာစုများ" ဆိုသည့်အတိုင်း ယခုစာအုပ်ထဲတွင် ဗဟုသုတ ရစရာတွေလည်း စာဖတ်သူများက တွေ့ကြရပေလိမ့်မည်။ ထိုနည်းတူစွာ ရသပါသောခံစားမှု၊ အထူးသဖြင့် စာရေးသူ ဆရာချမ်းငြိမ်း (ဟံသာဝတီ)၏ စိတ်ခံစားမှုရသ အနုပညာပိုင်းကိုလည်း နားလည်ခွင့် ရကြလိမ့်မည်ဟု ထင်မိ၏။ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး၊ ကဗျာစသည့် အနုပညာတိုင်းတွင် ခေတ်ကိုယှဉ်ပြီး ရေးဖွဲ့ကြလေ့ရှိသည်။ ထို့ကြောင့် အကြောင်းအရာ ပိုင်းတွင်လည်း ခေတ်ကိုထင်ဟပ်သော အကြောင်းအရာများ ဖြစ်နေတတ်ကြပေသည်။ ခေတ်တိုင်းတွင် တိုးတက်သော အယူအဆ လိုအပ်လှပေသည်။ မည်သည့်ခေတ်တွင်မဆို၊ မတိုးတက်နိုင်သေးသော အယူအဆနှင့် တိုးတက်မှုကို ဦးတည်နေသော အယူအဆနှစ်ရပ်မှာ အားပြိုင်နေတတ်စမြဲပင် ဖြစ်ပေသည်။ လူကြီးပိုင်းတွင်လည်း ဤသို့ဤပုံ အားပြိုင်မှု ရှိနေတတ်ကြသည်။ လူလတ်ပိုင်းတွင်လည်း ရှိသည်။ တချို့လူငယ်များကား ခေတ်၏ဝါးမျို ကိုက်ဖဲ့ခြင်းတွင် နစ်မျောမှန်းမသိ နစ်မျောသွားကြပြီး "ကမ်းပျောက်၊ လမ်းပျောက်ကာ အမှောင်ချောက်ကမ်းပါး ကြီးထဲဆီသို့" ဓောက်ထိုးမိုးမျှော် မကျဆင်းသင့်ဘဲ ကျဆင်းနေကြသည်။ ရင်နှင့်ရင်နာဖွယ် ကောင်းလှသည်။ တချို့လူငယ်များကမူ အချိန်မီ ဦးတည်ရာကမ်းသို့ ကြမ်းတမ်းခက်ထန်စွာ စီးဆင်းလျက်ရှိသော ရေစီးမှ လွန်မြောက်အောင် ကြိုးပမ်းကူးခပ်ကာ အရောက်တက်လှမ်း သွားနိုင်ကြသည်လည်း ရှိပါသည်။ မည်သည့် လူငယ်လေးများမဆို "စကားပြောသော ဘဝများ" နှင့်

အံ့အားတသင့်ပင် ရင်ဆိုင်ကြုံတွေ့ ကြရမြဲပင်။ ကောင်းပြီ။ ဘဝတွေက ဘယ်လိုများ စကားပြောနေ ကြပါသလဲ"။ အမှန်တကယ်ပင် စကားတွေ ပြောနေ ကြပါသည်။ "ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးလာတာလေ" "ဒီကလေးက မွေးကတည်းက ရွှေဇွန်းကိုက်ပြီး မွေးလာတဲ့ကလေး" "မိဘက ဒီကလေးကို ရွှေပေါ်မြတင် ထားလာတာ" "ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာရတဲ့ကလေး" စသဖြင့် ဘဝများက လူတိုင်းလူတိုင်းကို "စကားလုံးလေးတွေ ပြောပြနေကြသည်ပဲ မဟုတ်ပေဘူးလား"။ ထိုနည်းတူစွာပင် "ဒီကလေးက အောက်သက် ကျေပြီးသား" "မိဘက ဆင်းရဲလွန်းတော့ ဒီဘဝမျိုးရောက်အောင် သူ့ကိုယ်သူမနည်း ရုန်းကန်ခဲ့ရတာ" "အင်းလေ ဒီကလေးက အောက်ခြေက တက်လာတာကိုး" ဆိုသည့်တွေမှာလည်း "ဘဝတွေကို အခြေခံပြီးမှ" လူတိုင်းပါးစပ်ဖျားဆီက ထွက်ကျလာရသည့် "စကားလုံးလေးတွေ" မဟုတ်ပေဘူးလား။ ထိုကဲ့သို့ပင် ဘဝနှင့်ယှဉ်သော စကားတွေက ရှိနေတတ်မြဲပင်။ လူငယ်တွေနှင့် ပတ်သက်၍ နောက်ထပ် "စကားပြောသော ဘဝများ" ကျန်ရှိနေသေးသည်။ "အရင်ချမ်းသာတုန်းက မိဘတွေက ခေါင်းပေါ်တင်ပြီး အလိုလိုက်ချင်တိုင်း အလိုလိုက်ထားခဲ့တော့ ဒီကလေးတွေက ပျက်စီးချင်တိုင်း ပျက်စီးနေကြတာလ" ဟူသည့် စကားလုံးလေးများ။ "ခုတော့ ဒီကလေးတွေရဲ့ မိဘတွေက စီးပွားပျက်ပြီး အထည်ကြီးပျက်တွေ ဖြစ်ကုန်ကြပြီ" "ရှင်ပြုတုန်းက ရွှေထီး ဆောင်းခဲ့သည်ကို ပြန်တွေးမနေကြပါနှင့်။ လက်ရှိဘဝမှာ ငါတို့ဘာလုပ်ရမလဲ။ ဘာလုပ်သင့်လဲ။ ဘာလုပ်မှ ငါတို့ဘဝပြန်ပြီး နာလန်ထူနိုင်မလဲဆိုတာ မင်းတို့စဉ်းစားကြ" ဆိုသည်မှာလည်း လူငယ်တွေနှင့် သက်ဆိုင်သော စကားလုံးများပင် မဟုတ်လား။ အကျင့်စာရိတ္တ ပျက်ပြား နိမ့်ကျနေသည့် လူငယ်ပင်ဖြစ်စေ ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် နေ့ည

မပျက် ကောင်းမှုကုသိုလ်၊ ကောင်းသောအတွေး၊ ကောင်းသော အယူအဆ၊ ကောင်းသော ပရိယေသန၊ ကောင်းသောပညာ ဖွေရှာမှုတို့ဖြင့် ခရီးဆင့်နေကြသော လူငယ်များပင်ဖြစ်စေ။ အသက်ရှင်သန် နေသရွေ့ ရပ်တန့်၍ မနေခြင်းကို ကြုံတွေ့ရမြဲပင်။ ရပ်တန့်၍မနေသော အရာကား အခြားမဟုတ်။ နိုင်ငံ၏ ခေတ်နှင့်စနစ်များပင် ဖြစ်သည်။ ရပ်တန့်၍မနေသော အရာများတွင် လူငယ်တို့၏ အသက်အရွယ် အပိုင်းအခြားလည်း ပါရှိပေသည်။ ခေတ်နှင့် အသက်အရွယ် ဖြတ်သန်းမှုနှင့်အတူ အားလုံးသည် လူကြီးဘဝသို့ ရောက်ကြရ ပေဦးမည်သာပင်။ ထို့ကြောင့် ခေတ်စနစ်ကိုယှဉ်၍ အမီလိုက်နိုင်ရန် စိတ်ဓာတ်ရေးရာ၌ ရေခံမြေခံကောင်းဖို့ လိုအပ်သည်။ "မျိုးစေ့မှန်မှ အပင်တွေ ရှင်သန်ပေလိမ့်မည်"။ ဤသို့ဖြင့် တစ်ဦးပေါ်တစ်ဦး စိတ်ရင်းစေတနာကောင်းများ ထားကာ "အမှောင်ရိပ်ဆီမှ အလင်းကာလဆီသို့" တွန်းပို့ပေးသည့် အနုပညာ လက်ရာများပေါ် ထွန်းလာတတ်မြဲပင်။ ဘဝနှင့်ရင်းပြီးမှ ဖြစ်ပေါ်လာရသော စာပေစေတနာနှင့် စာပေရတနာကို ပို၍သတိထား လိုက်မိသည်မှာ ယခုစာအုပ်ပင် ဖြစ်သည်။ ဤစာအုပ်သည် စာရေးသူ ဆရာချမ်းငြိမ်း (ဟံသာဝတီ)၏ စေတနာနှင့်ရတနာ ပေါင်းစပ်ထားသည်ဟုပင် ကျွန်တော် ဝိသေသ ပြုလိုက်ရပေသည်။

ဆောင်းဝင်းလတ်

***